

# အချိန်ကိုက်ဗုံး

၁၁.၁.၂၀၀၈ သောကြာနေ့ မနက် နိုးနိုးခြင်း ကျနော့ ဂျီတော့မှာ ပလူပျံနေတဲ့ မက်ဆေ့တွေကတော့ ဇေယျာဒေါ် ဘူတာရုံမှာ ဗုံးကွဲတယ်။ လူတစ်ယောက်သေတယ်။ အသေခံ ဖောက်ခွဲမှု ဖြစ်နိုင်တဲ့ ဆိုတဲ့ စာသားတွေ ပါပဲ။ ဝမ်းသာရမလို ဝမ်းနည်းရမလို ခံစားချက်နဲ့ တစ်မနက်လုံး နိုင်ငံတကာ သတင်းဌာန ဆိုဒ်တွေ ရှာဖတ်လိုက်၊ ပြည်တွင်း နအဖ သတင်းဌာနတွေ ဆိုဒ်တွေဝင် ဖတ်လိုက်နဲ့ ပုဂ္ဂိုလ်ရေး ပြသနာတွေ အလုပ်တွေတောင် ခနမေ့လို့ ပေ့ါ။

ပထမဆုံး တွေးမိတဲ့ အတွေးကတော့ အသေခံဗုံးခွဲလောက်တဲ့ အကြောင်းတရား၊ အတွေးခေါ် တစ်ခု လူထုသွေးသားထဲမှာ ဖြစ်ပေါ်နေပြီလား ဆိုတာပါပဲ။ နောက်တစ်မဟုတ်ခြင်း ကျနော် ခံစားလိုက်ရတာက အသေခံဗုံးခွဲသူ (အဲဒီအချိန်က အသိအရ) အမျိုးသမီးကို လေးစားစိတ်နဲ့ ကိုယ့်ကိုကိုယ် မကျေနပ်စိတ်နဲ့ ပူလောင်နေပါတယ်။ စာကြီးပေကြီးသမားတွေ၊ ငြိမ်းချမ်းရေး သမားတွေ အနေနဲ့ အကြမ်းဖက်မှုလို့ သမုဒ်ကြမယ်။ အပစ်မရှိတဲ့ ဘေးလူတွေပါ ဒုက္ခရောက် ကုန်ရောဆိုတဲ့ အဝေဖန်သံတွေ ကြားရတယ်။ အသေခံဗုံးခွဲတာတို့၊ လုပ်ကြံရေးတို့ ဆိုတာတွေဟာ တော်လှန်ရေး တစ်ခုရဲ့ အဆုံးသတ်အဖြေ မဟုတ်ပေမဲ့ တော်လှန်ရေးရဲ့  တချို့အချိုးအကွေ့တွေအတွက် အဲဒီ တက်လို တယ်လို့ ကျနော်တော့ မြင်တယ်။ တကယ်တမ်း ကိုယ့်အသက်ကို ရင်းပြီး လုပ်ဖို့ဆိုတာ ဆုံးဖြတ်ချက်ချဖို့မလွယ်သလို၊ တာဝန်ပြီးဆုံးအောင် အကောင်အထည်ဖော်ဖို့ ဆိုတာလဲ မလွဲပါဘူး။ ဒီဖောက်ခွဲမှုသာ သူ့ဘဝရဲ့ နောက်ဆုံးနဲ့ အကောင်းဆုံး လုပ်နိုင်တဲ့ လမ်းလို့ တွေးနိုင်မှသာ ဒီအလုပ်ကို အောင်မြင် အောင်လုပ်နိုင်မယ်လို့ ထင်ပါတယ်။

ကိုယ့်ဘက်က တချို့ကလည်း ဗုံးတွေခွဲလို့ ဗိုလ်ချုပ်ကြီးတွေ ဘာဖြစ်လဲ ဘေးကလူတွေပဲ ထိကုန်တာ ဘယ်လောက်သနားဖို့ ကောင်းလဲ ဆိုတာမျိုးပြောတယ်။ တချို့ကလဲ ဒါဟာ တော်လှန်ရေးကို လှုပ်နှိုးတာလို့ ပြောတယ်။ ကျနော် ကိုယ်တိုင်လဲ စိတ်မကောင်းတာရယ်၊ အားမလို အားမရဖြစ်တာရယ် ပြွန်းတီးတဲ့ ခံစားမှုနဲ့ စကားလုံးတွေ မဲ့နေခဲ့တယ်။ စိတ်မကောင်း ဖြစ်တာကတော့ ရှင်းပါတယ် လူတိုင်း မလုပ်ရဲတဲ့ မြတ်မြတ်တဲ့ စွန့်စားမှုအတွက်ပါ။ အားမလို အားမရဖြစ်တာကတော့ ယူနီဖောင်းဝတ်တစ်ကောင်မှ အပါခေါ်မသွား နိုင်တဲ့အတွက်ရယ်၊ ကျနော် သူမလို စွန့်ဖို့အသင့် မဖြစ်နိုင်သေးတာကို တွေးမိလို့ပဲ ဖြစ်ပါတယ်။ ကျနော်တို့ အားလုံး သွေးထွက်သံယိုမှုကို မလိုချင်ဘူး။ နာမှာ သေမှာကို ကြောက်ကြတဲ့လူတွေ ပါပဲ။ ဒါပေမဲ့ စက်တင်ဘာ ဇာတ်ခုံပေါ်မှာ နအဖ ကခဲ့တဲ့ ဇာတ်ကွက်အရ  သွေးအကျခံ မလား၊ လမ်းပြမြေပုံ ယူမလားဆိုတာ ကျနော်တို့ တစ်ခုရွေးရတော့မယ်လို့ ခံစားရပါတယ်။ ကျနော်တို့ စစ်တုရင် ကစားတဲ့ အခါ တဖက် လူရယ် ရွှေ့တဲ့ အကွက်တွေ ပေါ်တည်လို့ တုံ့ပြန်ရပါတယ်။

နောက် ၁၂.၁.၂၀၀၈ နေ့လည်လောက်မှာတော့ သတင်းတစ်ခုထပ်ကြား ရပြန်တယ်။ ၁၁.၁.၂၀၀၈ ညနေမှာပဲ ဖြူမြို့နယ် ညောင်ပင်သာရွာမှာ နောက်တစ်ခါ ခွဲပြန်ပါရောတဲ့။ အဲဒီမှာတော့ ဖောက်ခွဲသူလဲသေ၊ တချို့က အမျိုးသမီးနှစ်ဦးနဲ့ ကလေးငယ်တစ်ဦး ဒဏ်ရာရလို့ဆိုတယ်။ တချို့ကလဲ စွမ်းအားရှင်လေး ဦးသေတယ်ရယ်လို့ ဆိုပြန်တယ်။ နောက် သေဆုံးသူဆီကနေပြီး သေနတ်၊ကျည်ဆံ၊ မိုင်း (၂) ခု ပါတွေ့ရတယ်လို့ ဖော်ပြထားတာကို တွေ့ရတယ်။ ကျနော့ စိတ်ထဲ တော်တော် ထိတ်လန့်လာတယ်။ ဖောက်ခွဲရေးလုပ်တာကို လိုအပ်ချက်အရ နားလည်ပေးနိုင်ပေမဲ့  ဘေးလူတွေ ထိတာကိုတော့ တော်တော်လေး စိတ်မကောင်းဖြစ်ရတယ်။ နောက်တစ်ခါ ၁၃.၁. ၂၀၀၈ မှာလဲ ရန်ကုန်ဘူတာကြီး အမျိုးသမီး အိမ်သာနဲ့ အုတ်တံတိုင်းအကြား နောက်တစ်လုံး ကွဲတယ်လို့ ဆိုပြန်ပါတယ်။ တဝုန်းဝုန်းနဲ့ အိမ်သာတွေ၊ အများဆိုင်နေရာတွေကို ဗုံးတွေ ခွဲနေတာ တော်လှန်ရေးလားဆိုတဲ့ မေးခွန်းကိုလဲ ကိုယ့်ကိုကိုယ် အကြိမ်ကြိမ်မေး မိပါတယ်။

ဒါနဲ့ပဲ ဗုံးခွဲတဲ့ ကိစ္စနဲ့ ပတ်သက်လို့ ကျနော် သိသလိုလေး ချရေးကြည့်မိတာကတော့

1. ဗုံးဖောက်ခွဲမှုဟာ အခြေအနေရဲ့ တောင်းဆိုမှုအရ တော်လှန်ရေး လိုအပ်ချက်ကို ဖြည့်စည်းခြင်း ဖြစ်ကြောင်း အသိမှတ်ပြုပါသည်။
2. အများပြည်သူ နေရာများ ဖြစ်သည့်အတွက် ဗုံဖောက်ခွဲမှု ရလဒ်ဟာ ရေရှည်မှာ စည်းရုံးရေးအရ ထိခိုက်မှုများရှိလာ နိုင်ပါသည်။
3. ထို့ကြောင့် ဗုံးဖောက်ခွဲမှုသည် မိမိတို့ ဘက်မှ အင်အားစုများရဲ့ လုပ်ကိုင်မှု ဖြစ်ပါက မဟာဗျူဟာနေရာများ (ဥပမာ။ ။ လျှပ်စစ်ဓါတ်အားပေး ထရန်စဖော်မာ၊ စစ်ကား၊ ဘူတာရုံများတွင် ရှိသော RTO ရုံးခန်းများ၊ ကြံ့ဖွတ်/စွမ်း ရုံးခန်းများ၊ အစိုးရရုံးများအား ညဖက်ဖောက်ခွဲခြင်း) ဘက်သို့ ပြောင်းလဲ တိုက်တွန်းဖို့ လိုသည်။

4. ထိုအပြင် ရန်သူဘက်က မိမိတို့၏ ပေါ်ပေါက်လာခါနီး လက်နက်ကိုင်တော်လှန်ရေးအား အပုတ်ချရန် ပြည်သူများရှိရာ နေရာများကို ဖောက်ခွဲမှုများ ပြုလုပ်နေခြင်းလဲ ဖြစ်နိုင်ကြောင်း သိရှိထားရန်လိုသည်။
5. ဗုံးဖောက်ခွဲမှုသည် အခြေအနေပေးပါက စစ်ဗိုလ်ချုပ်များ၊ စစ်တပ်အေရိယာများကို ထိုးနက် တိုက်ခိုက်နိုင်ရန် ကြိုးစားသင့်ပါသည်။
6. သို့မဟုတ်ပါက ပြည်သူလူထု အထိအခိုက် မရှိသော သက်မဲ့ နေရာများကိုသာ ထိုးနက် တိုက်ခိုက်ရမည်။
7. ပြည်သူလုထု အထိအရှကို အတတ်နိုင်ဆုံး လျော့ချ (လုံးဝအထိအပါး မရှိသည်အထိ) လုပ်ဆောင်သွား နိုင်ဖို့လို အပ်သည်။
8. ဗုံးဖောက်ခွဲခြင်းရဲ့အနှစ်သာရမှာ လူသေခြင်း မသေခြင်းထက် ပြည်သူလုထု အားတက်စေရန်၊ ရန်သူ ထိန်လန့်စေရန် တော်လှန်ရေး အကြိုကာလ သွေးပူ၊ သွေးနွေး၊ တပ်လန့်၊ နှိုးဆော်ခြင်းအတွက် လုပ်ဆောင်နေကြောင်း အသိရှိရမည်။
9. ပြည်သူလူထု အမြင်ရှင်းရန်အတွက် မိမိတို့ ဘက်မှ လက်ချက်ဆိုလျှင်လဲ (သက်ဆိုင်ရာ အဖွဲ့ အစည်းမှ) တရားဝင် ဖွင့်ပြရမည် ဖြစ်သည်။ ဝါဒဖြန့်ချီရေး လိုအပ်ချက်ဟူသော အမြင်မှားဖြင့် ဟုတ်ခြင်ဟန်ဆောင်နေပါက လူထုအထင်မှားမှုနှင့် ကာလရှည်တွင် ရင်ဆိုင်လာရမည်။

ဒါတွေပဲ ဖြစ်ပါတယ်။ ကျနော်နဲ့ ခင်တဲ့ သူငယ်ချင်း တချို့ကလွဲလို့ ဘယ်သူမှလဲ မပြဖြစ်ခဲ့ပါဘူး။ အခြေအနေအရ ဒီရက်ပိုင်းစာတွေ မရေးဖြစ်ပေမဲ့ နိုင်ငံရေး အခြေအနေ အပြောင်းအလဲတွေကို ကိုယ့်ဟာကိုယ် မှတ်ချက် ဒါမဟုတ် သဘောထား သင့်ထားတဲ့ သဘောပါပဲ။ သတင်း ရှုပ်ထွေးမှု တွေကြောင့် ဘယ်သူ လက်ချက်မှန်း မသေချာမှု အပေါ်မှာပဲ သဘောထားပေး လိုက်ရတယ်။

နောက် ဟိုလိုက်ဖတ် ဒီလိုက်ဖတ်နဲ့ နအဖ ကတော့ KNU ကို အခိုင်အမာ စွတ်စွဲထားတာကို သတိထားမိလာတယ်။ ဒါနဲ့ပဲ ကျနော် KNU နဲ့ ပတ်သက်ပြီး ကျနော် ကိုယ်တွေ့ကြုံခဲ့ဘူးတာကို ပြန်စပ်းစားကြည့်မိတယ်။ ပထမ တစ်ခုက ၁၉၉၂ (ဒါမှ မဟုတ် ၁၉၉၃) မတ်လ လောက်မှာ ဖြစ်ပါတယ်။ KNU အင်းအား ၃၀၀ လောက် ဘားအံမြို့ကို ဝင်စီးတာပါ။ အဓိကကတော့ ပြည်ထောင်စုဆိုတဲ့ ရပ်ကွက်ဖက်ကို ဖြစ်ပါတယ်။ ညပိုင်း ၈ နာရီလောက်မှာ စတင်ဝင်ရောက်လာပြီး အစိုးရ အဆောက်အအုံ တချို့ကို ဗုံးသီးနဲ့ ပစ်တယ်။ ညဖက် ပိုင်း ဖြစ်တဲ့အတွက် လူမရှိလို့ အထိအခိုက်မရှိပါ။ ရယ်စရာတစ်ခုဖြစ်ခဲ့တာက ဒေသန္တရ ကျန်မာရေးရုံးကို ပစ်တော့ အဲဒီနေ့က တာဝန်ခံ ဆရာဝန်လေးတစ်ယောက်က ရုံးထဲမှာ အိပ်ပျော်နေပါတယ်။ ဗုံးသီနဲ့ထုတဲ့အခါ ရပ်ကွက်ထဲက ကလေးတွေ သရက်သီးခူးရင် ရေကန်အုပ်ကျွတ်ဖုံး (ဘားအံမြို့ ရေကန်အများစု အုပ်ကျွတ်ဖုံး လေ့ရှိပါတယ်) ပေါ်ကျတယ် ထင်ပြီး "လူရှိတယ်ကွ..." လို့ လှမ်းအော် ပြောတဲ့ အခါ ဆက်မပစ်တော့ပဲ ထွက်သွားတယ်လို့ နောက်နေ ပြန်ပြောပြပါတယ်။ မနက်လင်းလို့ ကြည့်မှ လူနာဆောင့်တဲ့ အဆောင်တခြမ်းပွင့် ထွက်နေတာ မြင်ပြီး တစ်ပတ်လောက် အပြင်းဖျားခဲ့ပါတယ်။

နောက် ည ၁၀ နာရီ ၁၁ နာရီလောက်မှာ ပြည်ထောင်စု ဈေးအနီးတဝိုက်မှာ ရှိတဲ့ အိမ်တွေကို KNU ဗိုလ်အချို့က လိုက်နှိုးပြီး ပစ္စည်းသိမ်းချိန် ၁၅ မိနစ်ပေးခဲ့ပြီးမှ ဈေးကို မီးရှို့ပြီး စစ်ကြောင်း ပြန်ရုတ်သွားခဲ့တယ်လို့ သိရပါတယ်။ ကျနော်တို့ကတော့ မြို့ထဲမှာ ဖြစ်တဲ့အတွက် အသံတွေသာ ကြားရပြီးလှုပ်ရှားမှုကို မမြင်ရပါ။ နောက်နေ့ မနက်ရောက်မှ သိရတာကတော့ ဘားအံမြို့မှာ ရှိတဲ့ စစ်သဘော်ဟာ KNU မြို့ထဲဝင်လာတာ သိသိခြင်း မြစ်လယ်ကို ထွက်သွားခဲ့ပါတယ်။ ဘားအံမြို့ပေါ်မှာရှိတဲ့ တပ်တွေက မော်လမြိုင်မှာ ရှိတဲ့ စစ်ဌာနချုပ်က တိုက်ခိုက်မိန့်မရလို့ ထွက်မတိုက်ဘူးလို့ ပြောပါတယ်။ KNU ဆုတ်ခွါပြီး နောင်လုံ ဘက်ရောက်မှ ဘုရားသုံးဆူ ပြောင်း မိန့်ကျထားတဲ့ ရဲ တပ်စိတ်တစ်စိတ်က ထွက်တိုက်တယ်လို့ သိရပါတယ်။ ( အဲလို ထွက်တိုက်လို့ရဲ ပြည်နယ်မင်းကြီး ချင်းပြည်ပို့ ခံရပါတယ်) ဗိုလ်ချုပ်ကက်စိန် တိုင်းမှူး၊ ဖားအံ စစ်ဒေသမှူးက ဗိုလ်မှူးချုပ်တင်ဌေ လက်ထက်မှာ အဲဒီ အဖြစ်အပျက် ကျနော့ မျက်စိရှေ့တင် ဖြစ်ခဲ့ပါတယ်။ နောက် အိမ်တွေကို နှိုးပြီး ပစ္စည်းသိမ်းဖို့ပြောတဲ့ အုပ်ထဲက ဗိုလ်လေးတစ်ယောက် အကြောင်းဟာ ပြည်ထောင်စု ဈေးနားက အပျိုတွေ ပါးစပ်မှာ တော်တော် ရေပန်းစားခဲ့တာကိုလဲ သတိရမိပါတယ်။

နောက်တစ်ခုကတော့ တောင်ငူနားက ငွေတောင်ဆည် ဖွင့်ပွဲမှာ ဖြစ်ပါတယ်။ ၁၉၉၇ ဖေဖော်ဝါရီ ၁၂ မှာ လုပ်ခဲ့တဲ့ အဲဒီ ဆည်ဖွင့်ပွဲကို ဗိုလ်သန်းရွှေ ကိုယ်တိုင် တတ်ရောက်ခဲ့ပါတယ်။ တကယ် KNU လှုပ်ရှားနယ်မြေထဲကို လာတာဖြစ်တဲ့အတွက် တစ်လလောက် ကတည်းက နယ်မြေခံ တပ်တွေ သာမက အားဖြည့်တပ်ပေါင်းများစွာနဲ့ လုံခြုံရေးကို စီမံခဲ့ပါတယ်။ မိုင်လေးဆယ်လောက်အတွင်း ဘယ်သူမှ ဝင်လာလို့ မရဘူးဆိုတာမျိုးတွေကလဲ စိတ်ဓါတ် စစ်ဆင်ရေး အနေနဲ့ရော၊ ကောလဟာလတွေရော ကြွားဝါတာတွေရောနဲ့ လှိုင်လှိုင်ထလို့ပါ။ ဒီလိုနဲ့ ၁၂ ရက်နေ မနက်ခင်းမှာ ရန်ကုန်က ရဟတ်ယာဉ်တွေနဲ့ ဗိုလ်သန်းရွှေ နဲ့ အပေါင်းအပါများရောက်လာ ဖွင့်ပွဲလုပ် ပြီးတော့ နေ့လည် ၁၁ နာရီလောက်မှာ ပြန်သွားသည်အထိ အေးအေးဆေးဆေးပဲ။ ဖွင့်ပွဲ အထိန်းအမှတ် စားကြသောက်ကြ တီးဝိုင်းတွေ တီးကြနဲ့ပေါ့။ ရန်သူကိုရော၊ ကရင်ပြည်နယ်က ပြည်သူလူထုကိုပါ အကောင်းဆုံး စိတ်ဓါတ် စစ်ဆင်ရေး လုပ်လိုက်နိုင်တယ်လို့ထင်စရာရှိတာကိုး။ အဲလိုနဲ့ ညရှစ်နာရီ နောက်ပိုင်းလောက်မှ တောင်ငူမြို့ အထွက်က ဟင်းငုတ်ပင် ဓါတ်အားလိုင်းခွဲရုံးက ပင်မ ထရန်စဖော်မာတွေ ထ

ပေါက်ကွဲ ပါရော။ စုစုပေါင်း လေးလုံး ရှိတာမှာ ဗုံးတစ်လုံး 'အ'သွားတဲ့အတွက် ၁ လုံး အကောင်းအတိုင်းကျန်ခဲ့ပါတယ်။ လူအသေ အပျောက် မရှိပါ။ တောင်ငူ တစ်မြို့လုံးတော့ လမ်းမီးမှ အပ မလင်းတော့တာတော့ ရှိတာပေါ့။

ဒါဟာ ကျနော် ထိစပ်ဖူး သမျှ KNU ရဲ့ တိုက်ခိုက်ရေး အကြောင်းပါပဲ။ ဗိုလ်ထိန်လင်း၊ ဂျော်နီ၊ ဂျော်ဖြူ ၊ကျော်တုတု စတဲ့ ကျနော် ကြားဖူးရုံသာ ကြားဖူးတဲ့ KNU တိုက်ခိုက်ရေးသမားများ အကြောင်းကိုတော့ မဆွေးနွေးနိုင်ပါဘူး။ ကျနော် သတိထားမိသလောက်တော့ စစ်ဖြစ်တာ လူအသေအပျောက် အထိအခိုက် ရှိမယ်။ အင်္ဂလိပ်ကို တိုက်တုန်းက၊ ဂျပန်ကို တိုက်တုန်းက၊ တရုတ်ဖြူကို တိုက်တုန်းက စစ်သားရော၊ သာမန်အရပ်သားရော အသက်ပေါင်းများစွာ ကျဆုံးခဲ့ရပါတယ်။ ဒါဟာ စစ်ပွဲ တစ်ခု၊ တော်လှန်ရေး တစ်ခုမှာ မဆိုင်သူရော ဆိုင်သူရော အသက်ပေးရခြင်း ဆိုတာကို ကျနော်တို့ ရှောင်လွှဲလို့မရပါဘူး။ အခု ကျနော်အနေနဲ့ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ လက်နက်ကိုင် အဖွဲ့အစည်းတွေကို တစ်ခု တောင်းဆိုချင်တာက ဒီဖောက်ခွဲမှုတွေ နောက်ကွယ်မှာ ရှိနေခဲ့တယ်ဆိုရင် ရှိနေကြောင်း တရားဝင် အသိပေးစေ့ချင်ပါတယ်။ အယ်ကိုင်ဒါတွေ ဘယ်လောက်ပဲ ဆိုးဆိုး သူတို့လုပ်တဲ့ ဖောက်ခွဲမှုတိုင်းကို တာဝန်ယူဝန်ခံတဲ့ အကျင့်လေးကိုတော့ ကျနော်လေးစားတယ်။ မဟုတ်ရင် ဟိုလူ့ လက်ချက်လိုလို ဒီလူ့ လက်ချက်လိုလိုနဲ့ ပြည်သူ အထင်လွဲဖို့ ရှိနေတယ်ဆိုတာ သိစေ့ချင်ပါတယ်။ နောက်တစ်ခုက စစ်တပ်ကို ဗုံးဝင်ခွဲရင် တပ်မိသားစုတွေနား ဈေးရောင်းနေတဲ့ ဈေးသယ်သေသွားတာ မဆန်းပါဘူး။ ဒါဟာ တော်လှန်ရေးရဲ့ သာမန်ဖြစ်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။ စစ်သားတစ်ယောက်မှ မထိပဲ အခုလို မဆိုင်သူတွေ ထိခိုက်နေမယ်ဆိုရင်တော့ ပြည်သူတရပ်လုံးဟာ တော်လှန်ရေး အပေါ်စိတ်ကုန်လာနိုင်ပါတယ်။

ဆက်တွေးကြည့်တော့ ဗုံးပေါက်ကွဲမှုတွေက နှစ်ရက်လောက်အတွင်း သုံးမြို့မှာ သုံးခါဖြစ်တယ်။ လူလဲ အနည်းဆုံး တစ်ယောက်တော့ သေတယ်။ သတင်းတွေ အရ ဇေယျာဒေါ် ဘူတာရုံမှာ သေတဲ့ အမျိုးသမီးကိုလဲ KNU အနွယ်လို့ ပြောဆိုတာကို တွေ့ရတယ်။ ဖြူးမှာ သေတဲ့ လူမှာလဲ တခြားဗုံး နှစ်လုံးကိုပါ တွေ့ရတယ်လို့ ပြောတယ်။ သေချာ စပ်းစားကြည့်ရင် KNU က လွတ်သမျှ ဖောက်ခွဲရေးသမား ၇၀% (ပေါက်ကွဲမှုသုံးခု) ခန့်ဟာ ဖောက်ခွဲရေးမိုင်းကို မနိုင်းနင်းတဲ့ လူတွေလို့ ကောက်ချက်ချရမလို ဖြစ်နေတယ်။ ကျနော့ ကိုယ်တွေ့ (ဟင်းငုတ်ပင်) ဖောက်ခွဲမှုမှာ ဖောက်ခွဲရေး နည်းပညာမှာ တော်တော် သပ်သပ်ရပ်ရပ် ရှိတာကို တွေ့ရတယ်။ နောက်တစ်ခု က KNU က ဖောက်ခွဲတာဆို ဘာကြောင့် အိမ်သာတွေချည်း လိုက်ခွဲနေသလဲလို့ တွေးဖို့ ဖြစ်လာတယ်။ (အိမ်သာမှ မိန်းမအိမ်သာ) ကျနော် ခပ်ဆန်းဆန်းတွေးမိတာတော့ မိန်းမတစ်ယောက် ယောက်ကိုများ လိုက်လုပ်ကြံနေ သလားလို့ ။

တော်တော် ထူးဆန်းတာက ဗုံးတွေ တဝုန်းဝုန်းကွဲနေတုန်းပဲ ကာလအတော်ကြာ နားထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်တွေ့တာပဲ ဖြစ်ပါတယ်။ အဲဒီ အကြောင်းကြားမှပဲ အချိန်ကိုက်ဗုံးဆိုတဲ့ အဓိပ္ပါယ်ကို သဘောပေါက်ပါတော့တယ်။ ဘာကြောင့်တွေ့ဆုံရေး နှောင့်နှေးရတယ်ဆိုတာ ဒေါ်စု ကိုရော၊ ကမ္ဘာကိုပါ ပြောဖို့ အချိန်ကိုက် ခွဲလိုက်တဲ့ ဗုံးတွေကို ခေါ်တယ်ဆိုတာ။ ဒီနေ့ မြန်မာပြည်လူထုကို ထိခိုက်လောက်အောင် ရှိနေတဲ့ လှို့ဝှက်မှုတွေ အကုန်လုံးအတွက် အနာဂတ်မှာ သမိုင်းနဲ့ ရှင်းဖို့ ပြင်ဆင်ထားစေချင်တယ်။

မိုးထက်နေ

တမင် ဇေယျာဒေါ် ဟုရေးပါသည်။

(ခုဆောင်းပါးရေး နေတုန်းပဲ ပဲခူးနဲ့ ပန်းဆိုးတန်းမှာ ဗုံးထပ်ကွဲတယ် ကြားရတယ်။ လက်ညှိုးထိုး ခံရတဲ့ အဖွဲ့ အစည်းများ အနေနဲ့ တရားဝင် ဖြေရှင်းချက်များ ပြုလုပ်ပါလို့ ထပ်ပြီး တိုက်တွန်းလိုက်ပါတယ် ခင်ဗျား။ )